## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ်
# ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေ

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ( ၂၈ )ရက်

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| * | နိဒါန်း | | |
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၅ |
| ၃။ | အခန်း(၃) | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ခြင်း | ၆ |
| ၄။ | အခန်း(၄) | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း | ၇ |
| ၅။ | အခန်း(၅) | ကော်မတီဖွဲ့စည်းခြင်း | ၉ |
| ၆။ | အခန်း(၆) | ကော်မတီ၏လုပ်ငန်းတာဝန်များ | ၁၀ |
| ၇။ | အခန်း(၇) | ကြိုတင်ခွင့်ပြုလျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း | ၁၃ |
| ၈။ | အခန်း(၈) | တားမြစ်ချက်များ | ၁၆ |
| ၉။ | အခန်း(၉) | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၈ |
| ၁၀။ | အခန်း(၁၀) | အထွေထွေ | ၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရခိုင်ပြည်နယ်လွှတ်တော်

**ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ**

(၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၄ ။)

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

**နိဒါန်း**

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ရခိုင်ပြည်နယ်ကိုဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်ယဉ်ကျေးမှုဝန်ကြီးဌာနကို တာဝန်ယူရသော ဝန်ကြီးကိုဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်၊

(င) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်၊

(စ) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်၊

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကော်မတီကိုဆိုသည်၊

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက ဤဥပဒေအရဖွဲ့စည်း တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်၊

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့်ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများကို ဆိုသည်၊

(ည) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က





တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ သိမ်၊ဇရပ်၊ပိဋကတ်တိုက် ၊နတ်ရုံ၊နတ်စင်၊နန်းတော်၊လူနေအဆောက်အအုံနှင့်ယင်းတို့တွင်ထုလုပ်ထားသည့် ပန်းပု၊ ရုပ်တု၊ ရေးဆွဲထားသည့် ပန်းချီ၊ သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် လူသားတို့ ခိုအောင်းနေထိုင်ခဲ့သောဂူ၊ ကျိတော်၊ ကမ္ပည်းကျောက်စာ၊ မော်ကွန်း၊ လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံ၊ ရေတွင်း၊ ရေကန်၊ ရေတံခါး၊ ဆည်တော်၊ ဆိပ်ခံ၊ လှေကား၊ မြို့ရိုး၊ ပြအိုး၊ တံတိုင်း၊ တံခါးမုခ်ဝ၊ ကျုံး၊ ခံတပ်နှင့် ယင်းတို့၏ အကြွင်းအကျန်တို့ကို ဆိုသည်၊

(ဋ) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့်မြို့၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သည့်နေရာ၊ ရှေးဟောင်းအဆောက်အအုံတည်ရှိခဲ့သောနေရာ သို့မဟုတ် ကုန်းကို ဆိုသည်။ ယင်းစကားရပ်တွင် စဉ့်ဖို၊ သံချက်ဖို၊ ဒင်္ဂါးသွန်းလုပ်သည့် နေရာစသည့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့် နေရာတို့ ပါဝင်သည်၊

(ဌ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ ပရိဂုဏ်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တစ်ခုတွင် ဤဥပဒေအရသတ်မှတ်ထားသော အဝန်းအဝိုင်း နယ်နိမိတ်ကို ဆိုသည်၊

(ဍ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်၊

(ဎ) **ရှေးဟောင်းနေရာတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်း နေရာတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်၊

(ဏ) **ကာကွယ်ထိန်းသိမ်းထားသောဇုန်** ဆိုသည်မှာ ယဉ်ကျေးမှု အမွေအနှစ်မြင်ကွင်း၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ရှေးဟောင်းနေရာများမပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားရှိရေးအတွက် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်၊

(တ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိရာ ဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ဆိုသည်။





## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်း ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာတည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များယိုယွင်းပျက်စီးပျောက်ဆုံးခြင်း မရှိစေရေးအတွက် ကာကွယ် ထိန်းသိမ်းရန်၊

(ဂ) ပြည်နယ်အတွင်း ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်း၊ဖော်ထုတ်ခြင်းဖြင့် ရခိုင်အမျိုးသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) ပြည်နယ်အတွင်းရှိ ရခိုင်ပြည်သူတို့၏ အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ပြည်နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးခံရမှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ပြည်နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း(၃)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများသတ်မှတ်ခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဇုန်အမျိုးအစားတစ်ခုခုကို ဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ၊ နယ်နိမိတ်သတ်မှတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာတည်ရှိရာဇုန်၊

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။

၅။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ နှင့်ညှိနှိုင်းပြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ် အောက်ပါဇုန် အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ၊ နယ်နိမိတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်နိုင်သည် -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာတည်ရှိရာဇုန်၊

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။





၆။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် မည်သည့်မြေကိုမဆို သိမ်းယူရန်လိုအပ်လျှင် ပြည်နယ်ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ကိုရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက လွှဲပြောင်းပေးရသူ နစ်နာမှုမရှိစေရန် တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း(၄)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ဦးစီးဌာနကကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် တင်ပြလာသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင် ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း၊ အဟန့်အတားအနှောင့်

အယှက်ဖြစ်စေမည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ မဟုတ်သော မည်သည့်အဆောက်အအုံကိုမဆို ဖျက်သိမ်းနိုင်သည်။

၈။ ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာဂေါပကအဖွဲ့က ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို မူလရှေးဟောင်းပုံသဏ္ဌာန်နှင့် မူလရှေးဟောင်းလက်ရာပြောင်းလဲခြင်း မရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် ယင်းအဖွဲ့အား ညွှန်ကြားနိုင်သည်။

၉။ ပြည်နယ်အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်နိုင်သည်။

၁၀။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံ၊ ရှေးဟောင်းနေရာများကို ကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

၁၁။ ဦးစီးဌာနသည်ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာမှ သတ်မှတ်သည့် နယ်နိမိတ်အတွင်းမည်သူမျှထွန်ယက်စိုက်ပျိုးခြင်းမပြုရဟု လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှု တစ်စုံတစ်ရာ မပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

၁၂။ ဦးစီးဌာနသည် ကော်မတီမှတဆင့် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါ ကိစ္စရပ်များ ဆောင်ရွက် ရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတစ်ခု၏ ပရိဝုဏ်နယ်နိမိတ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က)အရ သတ်မှတ်သည့် ပရိဝုဏ်အတွင်းတွင် ဖွင့်လှစ်သော ဆိုင်များက လိုက်နာရမည့် စည်းကမ်းချက်များ





သတ်မှတ်ခြင်း။

## အခန်း(၅)
## ကော်မတီဖွဲ့စည်းခြင်း

၁၃။ (က) ပြည်နယ်အစိုးရအဖွဲ့သည်ပြည်နယ် ယဉ်ကျေးမှု အမွေအနှစ် များထိန်းသိမ်းရေးကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(၁) ဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာနကိုတာဝန် ယူရသောဝန်ကြီး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာပြည်နယ်အဆင့်ဌာန၏ အကြီးအမှူးများ(၄)ဦး — အဖွဲ့ဝင်

(၃) ကျွမ်းကျင်သူပညာရှင်များ(၇)ဦး — အဖွဲ့ဝင်

(၄) ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်ရှေးဟောင်းသုတေသန နှင့်အမျိုးသားပြတိုက်ဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကော်မတီကို ပြည်နယ် အစိုးရအဖွဲ့က အခါအားလျော်စွာပြင်ဆင်ဖွဲ့စည်းနိုင်သည်၊

(ဂ) ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၃)နှစ်ဖြစ်သည်၊

(ဃ) ကော်မတီအစည်းအဝေးကို အနည်းဆုံးတစ်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်၊

(င) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကော်မတီတွင် ပါဝင်သည့်ကျွမ်းကျင်သူပညာရှင်များသည် ပြည်နယ်အစိုးရအဖွဲ့ကသတ်မှတ်သည့် စရိတ်ချီးမြှင့်ငွေကိုခံစားခွင့်ရှိသည်။

၁၄။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၁၅။ ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာမြို့နယ်များတွင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၆)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၆။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယဉ်ကျေးမှုအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ဦးစားပေးထိန်းသိမ်းရမည့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို ပြည်နယ်





အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင်ပါဝင်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့မရောက်ရှိစေရေးနှင့် ပြည်ပသို့ ရောက်ရှိသွားသော ယင်းပစ္စည်းများပြန်လည် ရရှိရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ခြင်း၊

(စ) ပြည်နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများကို မူလနေရာမှ မည်သည့်နေရာဒေသကိုမျှ ရောက်ရှိမသွားစေရေး ဆောင်ရွက်ခြင်း၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက်အများပြည်သူအား အသိပညာပေးရေး လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဇ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံများ တည်ဆောက်ခြင်း၊

တိုးချဲ့ခြင်း၊ နယ်နိမိတ်တိုးချဲ့ခြင်း၊ သုတေသန လုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ဖျက်သိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီ၏သဘောထားကို ပြည်နယ်အစိုးရအဖွဲ့ သို့တင်ပြခြင်း၊

(ဈ) ပြည်သူများလက်ဝယ်ရှိ ရှေးဟောင်းအမွေအနှစ်ဝတ္ထုပစ္စည်းများအား လာရောက်အပ်နှံလျှင် -

(၁) ဦးစီးဌာနသည် အပ်နှံသည့်ဝတ္ထုပစ္စည်း၏ ကာလတန်ဖိုးအပြင် ခေတ်အလိုက်တန်ဖိုးနှင့် အနုပညာလက်ရာမြောက်မှု တန်ဖိုးငွေများချီးမြှင့်ခြင်း၊

(၂) ပြည်နယ်အစိုးရအဖွဲ့သည် အပ်နှံသည့် ဝတ္ထုပစ္စည်းအပေါ်မူတည်၍ သင့်လျော်သော အပိုဆောင်းငွေထပ်ဆင့်ချီးမြှင့်ရန် စီမံဆောင်ရွက်ခြင်း။

၁၇။ ဝန်ကြီးသည် သင့်လျော်သော ကော်မတီဝင်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၈။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေအရ ကြိုတင်ခွင့်ပြုချက်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း၊အဟန့်အတားအနှောင့် အယှက်ဖြစ်နိုင်ခြင်း ရှိ မရှိစစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း ရှိ မရှိစစ်ဆေးခြင်း၊

(ဂ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏





ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိစစ်ဆေးခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကိုထိခိုက်စေနိုင်ခြင်း ရှိ မရှိစစ်ဆေးခြင်း၊

(င) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ မရှိစစ်ဆေးခြင်း၊

(စ) ဝန်ကြီးဌာနမှပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၇)

## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

**၁၉။** အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသူသည် တည်ဆဲအခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ် တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာ ဇုန်အတွင်းတွင် -

(၁) အဆောက်အအုံကိုတည်ဆောက်ခြင်း၊ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှု လုပ်ငန်းအဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့

ဆောက်လုပ်ခြင်း၊ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံ နယ်နိမိတ်တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏မူလ ရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်း လက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးတာဝါတိုင်၊ လေယာဉ်ကွင်း၊ အားကစားကွင်းတည်ဆောက်ခြင်း၊ အုတ်ဖုတ်ခြင်း သို့မဟုတ် ယင်းတို့ကိုတိုးချဲ့ခြင်း။

၂၀။ ကော်မတီသည် -

(က) ပုဒ်မ ၁၉ အရ လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်ညီ မညီ စစ်ဆေးရေးအဖွဲ့အား စစ်ဆေးတင်ပြစေရမည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ပုဒ်မ ၁၉ ပါ ကိစ္စနှင့် စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုလုပ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ)အရ ခွင့်ပြုသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။





၂၁။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်သူသည် တည်ဆဲအခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှအပ အခြား အဆောက်အအုံပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံ နယ်နိမိတ်တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှု လုပ်ငန်းအဆောက်အအုံများမှအပ အခြားအဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန်တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကိုတိုးချဲ့ခြင်း။

၂၂။ ဦးစီးဌာနသည်ကော်မတီ၏သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၂၁ အရ လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထား သူအား ထုတ်ပေးရမည်။

## အခန်း (၈)
## တားမြစ်ချက်များ

၂၃။ မည်သူမျှရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းမပြုရ။

၂၄။ မည်သူမျှကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့် စပ်လျဉ်း၍ အောက်ပါတစ်ခုခုမပြုလုပ်ရ -

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

၂၅။ မည်သူမျှယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကိုဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလ ရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်း လက်ရာကို ဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန်တူးဖော်ခြင်း၊ခိုးယူခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၂၆။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ





ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဂ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း၊ လျှပ်စစ် နှင့် ဆက်သွယ်ရေးတာဝါတိုင်၊ လေယာဉ်ကွင်း၊ အားကစားကွင်းတည်ဆောက်ခြင်း၊ အုတ်ဖုတ်ခြင်း သို့မဟုတ် ယင်းတို့ကိုတိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန်တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(င) ရှေးဟောင်းဝတ္ထုပစ္စည်းများကို သယ်ယူခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရောင်းဝယ်ခြင်း။

၂၇။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ပြည်နယ်အစိုးရအဖွဲ့က ဒေသအလိုက်သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

၂၈။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ထွန်ယက်စိုက်ပျိုးခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာပြုလုပ်ခြင်း။

၂၉။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ပရိဝုဏ်အတွင်းတွင် အခြားမည်သည့်စေတီ၊ ပုထိုး၊ သိမ်၊ ဇရပ်၊တံခွန်တိုင် စသည်တို့ကို အသစ်တည်ဆောက်ခြင်းမပြုရ။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ပုဒ်မ ၂၃၊၂၆၊၂၈(ခ)နှင့် ပုဒ်မ(၂၉) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ငါးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်ခုနစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ခုနစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၇၊ ၂၈(က)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။





၃၄။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကို ချမှတ်နိုင်သည် -

(က) တည်ဆောက်ထားသည့်အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်းပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြုလုပ်စေခြင်း။

၃၅။ မည်သူမဆို ပုဒ်မ ၃၄ အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန်ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေဒဏ် ကျပ်နှစ်သောင်းမှ ကျပ်နှစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၃၆။ ဤဥပဒေအရ အရေးယူသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၇။ ကော်မတီက ယင်းတို့၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လိုအပ်သော အကူအညီများကို ပေးရမည်။

၃၈။ ဤဥပဒေအရ တရားစွဲဆိုအရေးယူရမည့်ကိစ္စကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၃၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)

မောင်မောင်အုန်း

ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့